ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့၊ (29-7-2011) (၆၈၃၅)

လှည့်လည်ကြည့်ရှု

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးတက္ကသိုလ် ပင်မဆောင်ရှိ တိုင်းရင်းဆေးပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းဆေးပညာဘွဲ့ရရှိသူ ၈၀၀ နီးပါး မွေးထုတ်ပေးခဲ့

ကျေးလက်ဒေသများမှ စိတ်ပါဝင်စားသူများအား ရက်တိုသင်တန်းများ ဖွင့်လှစ်တာဝန်ပေးဆောင်ရွက်

ကျေးလက်ဒေသအထိ တိုင်းရင်းဆေးဖြင့် ကုသပေးနိုင်မည်

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတသည် တက္ကသိုလ်ရှိ စာကြည့်တိုက်၊ Internet Room၊ အခြေခံ ကျန်းမာရေး သူနာပြုစုမှုဌာနနှင့် Skill Lab တို့တွင် သင်တန်းသူများ သူနာပြုစုမှုပညာ လက်တွေ့ သင်ကြားနေမှုနှင့် စာသင်ခန်းမ၌ ပညာသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်မာလာဝင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တက္ကသိုလ် ဧည့်ခန်းမ၌ ပါမောက္ခချုပ်က တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ ဝန်ထမ်းအင်အားနှင့် သင်တန်းသားဦးရေ၊ စာသင်ခန်းများနှင့် ဝန်ထမ်းအိမ်ရာများ နေရာချထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သူနာပြုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်စန်းဝင်းက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက္ကသိုလ်ဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများနှင့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေး တက္ကသိုလ်သို့

စာမျက်နှာ ၃ ကော်လံ ၁ သို့◆

ပရဆေးပင်များ စိုက်ပျိုးထားမှု လှည့်လည်ကြည့်ရှု

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုင်းရင်းဆေးတက္ကသိုလ်ရှိ သရုပ်ပြ ပရဆေးဥယျာဉ်၌ ရောဂါအမျိုးအစားအလိုက် ပရဆေးပင်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၉-၇-၂၀၁၁
(သောကြာနေ့)

မြစ်ကမ်းပါးတာတမံများ ဂရုပြုစောင့်ကြပ် စိုက်ပျိုးရေးလုပ်ငန်း အချိန်မီပြီးစီးရေးကြိုးပမ်း

မကြာသေးမီရက်ပိုင်းအတွင်းက မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ အင်္ဂပူ၊ လေးမျက်နှာ၊ ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ပဲခူးမြို့နယ်တို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။ အလားတူ ရခိုင်ပြည်နယ်၌လည်း မိုးရွာသွန်းမှုများပြား၍ ဂွ၊ အမ်း၊ မင်းပြား၊ မြောက်ဦးနှင့် ပုဏ္ဏားကျွန်းမြို့များ၌ အထိုက်အလျောက်နစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေကြီးနစ်မြုပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တို့သို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ဆေးဝါးပစ္စည်းများနှင့် မျိုးစပါးများ ပေးအပ်ခဲ့သည်။

နိုင်ငံတော်သမ္မတက ခရီးစဉ်တစ်လျှောက် ရေဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေးရင်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် **“ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာအများစုသည် မြစ်ကမ်းဘေး၌ တည်ထားသော မြို့ရွာများဖြစ်၍ မြို့တိုင်း၌ ရေတားတမံများပြုလုပ်ထားကြောင်း၊ မြစ်ကိုကာကွယ်ထားသည့်တာတမံများ ကျိုးပေါက်ပါက ပျက်စီးဆုံးရှုံးမှုများပြားနိုင်၍သတိပြုစောင့်ကြည့်ရန်လိုကြောင်း”**မှာကြားသည်။

ထို့အတူ ရေကြီးရေနစ်မြုပ်ရာတွင် မြို့ပြနှင့်ကျေးလက်နေ လူနေအိမ်များသာမက လမ်းများ၊ လယ်မြေများလည်းပါဝင်သဖြင့် နိုင်ငံတော်သမ္မတက **“တောင်သူများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပျက်စီးဆုံးရှုံးမှုများကို မှန်မှန်ကန်ကန် ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ဖြည့်ဆည်းကူညီပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးမှုအပေါ် စိတ်ပျက်နေရန်မလိုဘဲ ရေပြန်လည်ကျဆင်းသွားပါက အချိန်မီစိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း”** မှာကြားသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မုန်တိုင်းများဝင်ရောက်လေ့ရှိသကဲ့သို့ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များလည်း မကြာခဏဖြစ်ပေါ်တတ်ရာ ဒေသခံပြည်သူများအနေဖြင့် အတွေ့အကြုံများရှိကြပြီးဖြစ်သည်။ သို့သော် မိုးသည်းထန်၍ ရေကြီးခြင်းသည် မြစ်ရေလျှံ၍ တာတမံကျိုးပေါက်ခြင်းလောက် စိုးရိမ်ဖွယ်ရာမရှိပေ။ မိုးနှောင်းကာလအတွင်း မြစ်ကမ်းပါးကို ကာကွယ်ထားသည့်တာတမံများ မကျိုးပေါက်စေရေး တာဝန်ရှိသူများအနေဖြင့် အထူးဂရုပြုစောင့်ကြပ်ပြီး ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရန်လိုအပ်မည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်သည် အချိန်အခါရာသီမရွေးဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ မပြတ်ပြုလုပ်ထားကြရပေမည်။ ရေဘေးသင့်ပြည်သူများ မိမိတို့နေအိမ်များသို့ ပြန်ရောက်သည့်အခါ စားရေးအဆင်ပြေစေရေး နိုင်ငံတော်က ကူညီထောက်ပံ့ပေးမှုများနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ॥

ငါးမျိုးစိုက်ထည့်ပွဲ ပြည်မြို့၌ ကျင်းပ

ပြည် ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် ငါးသယံဇာတတိုးပွားရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သဘာဝမြစ်ချောင်းရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ပြည်မြို့ ခေတ္တရာ ဧရာမန်းဥယျာဉ် ဆိပ်ခံဗောတံတား၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်၊ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်တို့နှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း (ငါးမှုန်) ကောင်ရေ သိန်းတစ်ရာ စိုက်ထည့်ခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၈-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၇၄၅၀	၀. ၀၃၃၆၂
တရုတ် (ယွမ်)	၆. ၄၄၃၄၀	၀. ၁၅၅၂၀
အိန္ဒိယ (ရူပီး)	၄၄. ၀၈၀၂	၀. ၀၂၂၆၉
မလေးရှား (ရင်းဂစ်)	၂. ၉၄၇၀၀	၀. ၃၃၉၃၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၃၃၁	၀. ၈၃၁၀၄
ဂျပန် (ယန်း)	၇၇. ၇၀၃၅	၀. ၀၁၂၈၇
တောင်ကိုရီးယား(ဝမ်)	၁၀၅၁. ၇၁	၀. ၀၀၀၉၅
ယူရို	၀. ၇၀၀၅၈	၁. ၄၂၇၃၉
ဗြိတိသျှ (ပေါင်)	၀. ၆၁၂၅၅	၁. ၆၃၂၅၃

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-ဘရာဇီးလ် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၈

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Dr.Madan Mohan Sathi သည် ယမန်နေ့နံနက် ၉ နာရီတွင် ဟားခါးမြို့ရှိ ပြည်နယ်ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ (အောက်ပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်တို့သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ရှေ့နေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ပြည်နယ်အတွင်းရှိ မြို့နယ်များမှ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်နယ်အစိုးရအစည်းအဝေးခန်းမ၌ တွေ့ဆုံကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်တို့က ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပံ့ပိုးပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဟားခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး အမျိုးသမီးအိမ်တွင်းမှုကျောင်းနှင့် အစိုးရနည်းပညာကောလိပ်တို့သို့ သွားရောက်ကြည့်ရှု၍လိုအပ်သည်များကို ပံ့ပိုးကူညီပေးရန် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Emergency Management for GPs(2011) သင်တန်းကို ဩဂုတ် ၁၃ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော (ဆမ) မရရှိသေးသည့် မျိုးဆက်သစ်ဆရာဝန်များသည် ဩဂုတ် ၃ ရက် နံနက် ၇ နာရီမှ ညနေ ၃ နာရီထိလည်းကောင်း၊ (ဆမ)ရရှိပြီးသော ဆရာဝန်များသည် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိ လည်းကောင်း တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံ လေးပုံဖြင့် စာရင်းသွင်းနိုင်သည်။

(ကြေးမုံ)

သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ သိင်္ဂီလမ်းနေ ဒေါ်ငွေးကြည်မိသားစုက ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။

(ကြေးမုံ)

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစောမြသိန်း မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများလိုက်ပါ၍ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ဝါးခယ်မမြို့နယ်အတွင်း ကျေးရွာအုပ်စု (၅)အုပ်စုရှိ ကျေးရွာ ၇၃ ရွာသို့ သွားရောက်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးများ ကွင်းဆင်းကြည့်ရှုစဉ်။

(၁၈၂)

◆ရွှေဖုံးမှ

ရောက်ရှိကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာသန်းမောင်က တက္ကသိုလ်တည်နေရာနှင့် အကျယ်အဝန်း၊ တက္ကသိုလ်ကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့မှု၊ တက္ကသိုလ်၏ ရည်မှန်းချက်နှင့် ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဝန်ထမ်းအင်အားနှင့် ကျောင်းသားဦးရေ၊ သင်ရိုးညွှန်းတမ်း၊ ပေးအပ်သည့်ဘွဲ့နှင့် သင်တန်းကာလတို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သင်ကြားရေး တိုင်းရင်းဆေးရုံ (မန္တလေး) ဆေးရုံအုပ်ကြီး ဦးမြင့်အောင်က ဆေးရုံ၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးရုံကို ၁၉၇၆ ခုနှစ်တွင် (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့မှုနှင့် ၁၉၉၈ ခုနှစ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့မှု၊ လာရောက်ကုသသည့် တစ်ရက်ပျမ်းမျှ လူနာဦးရေနှင့် လာရောက်ပြသကုသသည့် လူနာ အရေအတွက် ပိုမိုများပြားလာသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဝထွန်းက တက္ကသိုလ်မှ တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးနေမှုကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဤတက္ကသိုလ်မှ ယခုအချိန်ထိ တိုင်းရင်းဆေးပညာဘွဲ့ရရှိသူ ၈၀၀ နီးပါး မွေးထုတ်ပေးခဲ့ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ လူနာများအား ကုသမှုပေးရာတွင် လူနာများ၏ ယုံကြည်ကိုးစားမှုကို ရရှိအောင် စေတနာ မေတ္တာထားပြီး ဆက်ဆံရေးမှအစ ပြေပြေပြစ်ပြစ် ဆက်ဆံတတ်ရန်နှင့် ဆရာဝန်များဖြစ်သည့် အားလျော်စွာ စောင့်ထိန်းရမည့် ကျင့်ဝတ်များကိုလည်း လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း။

တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းကပင်ပေါ်ပေါက်ခဲ့ပြီး အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

ဆေးဝါးများ ဖော်စပ်ရာတွင် ဆေးအာနိသင် မပျောက်စေရန်နှင့် လက်ဆုပ်လက်ကိုင် အထောက်အထားပြနိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရနိုင်မည်ဖြစ်ကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတွင် ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများအား အနောက်တိုင်းဆေးပညာဖြင့် ဆေးဝါးကုသမှုပြုရာ၌ လူဦးရေအချိုးအစားနှင့် ဆရာဝန်၊ ဆရာမများ၏ အချိုးမှာ မျှတမှုမရှိသဖြင့် ကျေးလက်ဒေသအထိ တိုင်းရင်းဆေးဖြင့်သာ ထိရောက်စွာ ကုသပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆေးပုံးများကို လုံလုံလောက်လောက် ဖြန့်ဖြူးနိုင်ရေး၊ ကျေးလက်ဒေသများမှ စိတ်ပါဝင်စားသူများအား ရက်တိုသင်တန်းများ ဖွင့်လှစ်၍ တာဝန်ပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း။

တိုင်းရင်းဆေးတက္ကသိုလ် အနေဖြင့် ထိရောက်စွာ ကုသမှုပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တက္ကသိုလ်ပင်မဆောင်ရှိ တိုင်းရင်းဆေးပြတိုက်၊ စာကြည့်တိုက်နှင့် e-Library တို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍သရုပ်ပြ ပရဆေးဥယျာဉ်တွင် ရောဂါအမျိုးအစားအလိုက် ပရဆေးပင်များ စိုက်ပျိုးထားမှုနှင့် သင်ကြားရေးလက်တွေ့ဆောင်၌ ရောဂါကြီး ခြောက်မျိုးကို ကုသရာတွင် အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များ စိုက်ပျိုးပြသထားမှုတို့အား ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းဆေးဖြင့် ကုသပေးရာတွင် အနောက်တိုင်းဆေးပညာ၊ အနောက်တိုင်းဆေးဝါးများနှင့် နှိုင်းယှဉ်၍ မိမိတိုင်းရင်းဆေးဝါးဖြင့်လည်း သက်သာပျောက်ကင်းအောင် ကုသနိုင်မှုနှင့် ကုသပေးမှုအပေါ် ပြည်သူများက ပိုမိုယုံကြည်ကိုးစားလာစေရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (မန္တလေး) Skill Lab ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနှင့်ကိုရီးယား နှစ်နိုင်ငံအကြား လေကြောင်း၊ ရေကြောင်းဆိုင်ရာ ကဏ္ဍများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်အား ကိုရီးယားသမ္မတနိုင်ငံ ဆောက်လုပ်ရေး၊ ရေအရင်းအမြစ်မူဝါဒ ဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးနှင့် ရေကြောင်းရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. CHUNG Nae Sam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် ကိုရီးယား နှစ်နိုင်ငံအကြား လေကြောင်း၊ ရေကြောင်းဆိုင်ရာ ကဏ္ဍများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်တွင်းဈေးကွက်

နိုင်လင်းကြည်

ပြည်တွင်းပဲမျိုးစုံဈေးကွက်များတွင် ဈေးကွက်တချို့၌ အရောင်းအဝယ်ရှိ၍ ဈေးနှုန်းမြင့်တက်လာခဲ့သော်လည်း ဈေးကွက်တချို့တွင်မူ ရောင်းသူများ၏ ဈေးနှုန်းကြိုက်နှစ်သက်မှု နည်းသောကြောင့် ဈေးနှုန်းများ ကျဆင်းခဲ့သည်။ ပြည်တွင်းစားသုံးဆီဈေးကွက်များတွင်လည်း ဈေးနှုန်းများ ကျဆင်းခဲ့သည်။

မတ်ပဲ။ *။ မန္တလေးမတ်ပဲဈေးကွက်တွင် သိုလှောင်သူများ၏ ဝယ်ယူမှုကြောင့် ယခင်အပတ်က မတ်ပဲ တစ်တန်ဈေးနှုန်း ငွေကျပ် ၄၄၈၈၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၄၅၉၂၀၀ သို့ တက်လာခဲ့သော်လည်း မုံရွာမတ်ပဲဈေးကွက်တွင် ယခင် တစ်တန်လျှင် ငွေကျပ် ၅၀၅၂၀၀ မှ ယခု ငွေကျပ် ၄၈၉၉၀၀ သို့လည်းကောင်း ဈေးနှုန်းအသီးသီး ကျဆင်းခဲ့သည်။*

ပဲတီစိမ်း။ *။ မုံရွာပဲတီစိမ်းဈေးကွက်တွင် ယခင် ပဲတီစိမ်း တစ်တန်ဈေးနှုန်း ငွေကျပ် ၅၇၉၉၀၀ သာရှိခဲ့ရာမှ ယခု ငွေကျပ် ၆၄၄၈၀၀ သို့လည်းကောင်း၊ မန္တလေးပဲတီစိမ်း ဈေးကွက်တွင် ယခင်အပတ်က ပဲတီစိမ်း တစ်တန် ငွေကျပ် ၅၇၆၈၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၆၈၅၈၀၀ သို့လည်းကောင်း တက်လာခဲ့သည်။*

ပဲစင်းငုံ(နီ)။ *။ မန္တလေး၊ ပခုက္ကူ၊ ပြည် စသည့် ပဲစင်းငုံ(နီ) ဈေးကွက်များတွင်မူ ဝယ်ယူသူများက ဈေးနှုန်းလျှော့၍ ဝယ်ယူခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းခဲ့သည်။*

ပဲဆီ။ *။ မုံရွာနှင့် တောင်ကြီး ပဲဆီဈေးကွက်တို့တွင် ယခင်အပတ်က ပဲဆီတစ်ပိဿာ ငွေကျပ် ၃၆၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၃၅၀၀ သို့ ကျဆင်းခဲ့သော်လည်း ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေးနှင့် စစ်တွေ ပဲဆီဈေးကွက်များတွင်မူ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးနှုန်းတည်ငြိမ်ခဲ့သည်။*

နှမ်းဆီ။ *။ ရန်ကုန် နှမ်းဆီဈေးကွက်တွင် ယခင်အပတ်က နှမ်းဆီတစ်ပိဿာ ငွေကျပ် ၂၈၀၀ မှ ယခု ငွေကျပ် ၂၇၀၀ သို့လည်းကောင်း၊ မန္တလေး နှမ်းဆီဈေးကွက်တွင် ယခင် နှမ်းဆီတစ်ပိဿာ ငွေကျပ် ၂၃၀၀ မှ ယခု ငွေကျပ် ၂၂၀၀ သို့လည်းကောင်း ကျဆင်းခဲ့သည်။*

စားအုန်းဆီ။ *။ ရန်ကုန်၊ မန္တလေး၊ မုံရွာနှင့် တောင်ကြီး စားအုန်းဆီဈေးကွက်များတွင် ဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့သည်။*

နှမ်း(ဖြူ)။ *။ မုံရွာနှမ်း(ဖြူ) ဈေးကွက်တွင် ယခင်အပတ်က နှမ်း(ဖြူ) တစ်တန်ဈေးနှုန်း ငွေကျပ် ၇၃၄၈၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၇၁၄၆၀၀ သို့လည်းကောင်း၊ မန္တလေး နှမ်း(ဖြူ) ဈေးကွက်တွင် ယခင် နှမ်း(ဖြူ) တစ်တန် ငွေကျပ် ၇၇၅၈၀၀ မှ ယခု ငွေကျပ် ၇၆၁၈၀၀ သို့ လည်းကောင်း ဈေးနှုန်းများ အသီးသီး ကျဆင်းခဲ့သည်။*

နှမ်း(နက်)။ *။ မန္တလေး နှမ်း(နက်) ဈေးကွက်တွင် ယခင်အပတ်က နှမ်း(နက်) တစ်တန် ငွေကျပ် ၁၀၈၈၈၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၈၈၄၂၀၀ သို့လည်းကောင်း သိသိသာသာ ကျဆင်းခဲ့သည်။*

တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးမြင့်နောင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၉

တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်သည် ၎င်း၏ ခန့်အပ်လွှာကို ဇူလိုင် ၁၂ ရက်တွင် ပရီတိုးရီးယားမြို့၌ တောင်အာဖရိကသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲကီဆာ ဇူးမားထံ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမောင်ဝေ ကုလသမဂ္ဂရုံးညွှန်ကြားရေးမှူးချုပ်ထံ ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၉

ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမောင်ဝေသည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၁၁ ရက်တွင် ဂျီနီဗာမြို့၌ ကုလသမဂ္ဂရုံးညွှန်ကြားရေးမှူးချုပ် မစ္စတာ ခါဆင်မ် ယိုမာတ် တိုကာရဲဗ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅	၁။	နိုင်ငံတော်သီချင်း
၇း၁၀	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၀၅	၃။	မျိုးချစ်တပ်မတော်
၄း၁၀	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	ဇာတ်လမ်းတို
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀	၇။	လျှပ်တစ်ပြက်
၄း၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅	၉။	အိုင်စီတီသုတ
၅း၁၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၁။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ (အပိုင်း-၂၁)
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	"ရွာ"ဟာသဇာတ်လမ်းတွဲ -တတိယအကြိမ် တောင်းရမ်းခြင်း (ပေါ်လေး၊ ရွှေအိုး၊ အိုင်းလောင်နှင့် သရုပ်ဆောင်များ)
၆း၄၅	၁၅။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၃၄)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဒို့တာဝန်အရေး(၃)ပါး
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	စိုက်ပျိုးသုတ
	၂၃။	သံစဉ်များနှင့်ကမ္ဘာ
	၂၄။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၃)**
	၂၇။	ကမ္ဘာတစ်ခွင်ခရီးစဉ်



မြဝတီမြို့နယ် အထက မြဝတီမှ ကျောင်းသား၊ ကျောင်းသူ ၃၇၅ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲအောင် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်ရှိန်အား ပေးအပ်စဉ်။

(၅၇၀)

၂၀၂၀ ခုနှစ်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်ကို ရေအောက်သင်္ချိုင်း၌ မြှုပ်နှံမည်

မော်စကို ဇူလိုင် ၂၈

နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) ကို ၎င်း၏သက်တမ်းကုန်ဆုံးမည့်ကာလဖြစ်သည့် ၂၀၂၀ ခုနှစ်နောက်ပိုင်း၌ သမုဒ္ဒရာရေပြင်အတွင်း ဆင်းသက်စေ၍ ရေအောက်နှစ်မြှုပ်ပစ်ရန် ရုရှားအာကာသအေဂျင်စီနှင့် လုပ်ဖော်ကိုင်ဖက်နိုင်ငံတကာ အာကာသအေဂျင်စီများက သဘောတူခဲ့ကြကြောင်း ဇူလိုင် ၂၇ ရက် သတင်းများတွင်ဖော်ပြသည်။

အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)က ၁၉၉၈ ခုနှစ်တွင် ကမ္ဘာ့ပတ်လမ်းကြောင်း အတွင်းသို့ လွှတ်တင်ခဲ့သော နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) ကို တွေ့ရစဉ်။

သက်တမ်းကုန်ဆုံးချိန်၌ အိုင်အက်စ်အက်စ်ကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဆက်လက်ထားရှိမည်ဆိုပါက အာကာသအမှိုက်အများအပြား ထွက်ပေါ်လာနိုင်ကြောင်း၊ ယင်းအတွက်ကြောင့် သက်တမ်းကုန်ဆုံးချိန်တွင် အိုင်အက်စ်အက်စ်ကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း ထားရှိမည်မဟုတ်ဘဲ သမုဒ္ဒရာရေပြင်အတွင်း နှစ်မြှုပ်ရမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီအကြီးအကဲက ပြောကြားသည်။

၁၉၉၈ ခုနှစ်တွင် စတင်လွှတ်တင်ခဲ့သော နိုင်ငံတကာအာကာသစခန်းယာဉ်ကို ၂၀၂၀ ခုနှစ် နောက်ဆုံးထား၍ အသုံးပြုရန် သက်ဆိုင်ရာအာကာသအေဂျင်စီများက သဘောတူခဲ့ကြသည်။

ကမ္ဘာမြေအထက် မိုင်၂၂၀ အမြင့်ရှိ ပတ်လမ်းအတွင်း လှည့်ပတ်နေသော နိုင်ငံတကာအာကာသစခန်းယာဉ်သည် ရုရှား၊ အမေရိကန်၊ ဥရောပ၊ ဂျပန်နှင့်ကနေဒါတို့မှ အာကာသအေဂျင်စီများပူးပေါင်း၍ သိပ္ပံပညာဆိုင်ရာ စမ်းသပ်မှုများပြုလုပ်ရာ အာကာသစမ်းသပ်ခန်းကြီးဖြစ်သည်။

ရုရှားနိုင်ငံသည် ၎င်း၏ ၁၅နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော မီယာအာကာသစခန်းကို ၂၀၀၁ ခုနှစ်က ပစိဖိတ်သမုဒ္ဒရာအတွင်း ဆင်းသက်စေ၍ ရေအောက်သို့နှစ်မြှုပ်ခဲ့ဖူးသည်။ *အင်တာနက်။*

ကာကွယ်ရေးအကြီးအကဲများနှင့် သမ္မတကာဇိုင်း တွေ့ဆုံဆွေးနွေး

ကဘူး ဇူလိုင် ၂၈

အနာဂတ်ကာလ၌ အမေရိကန်နိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ ကျင်းပနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ လေ့လာသုံးသပ်နိုင်ရန် အာဖဂန်နစ္စတန် သမ္မတ ဟာမစ်ကာဇိုင်းသည် ကာကွယ်ရေးအကြီးအကဲများနှင့် မြို့တော်ကဘူးရှိ သမ္မတနန်းတော်၌ ဇူလိုင် ၂၆ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်သစ် ရန်းခရော်ကာက ပြောကြားရာတွင် မိမိတို့သည် အာဖဂန်နစ္စတန်၌ အမြဲတမ်းစစ်စခန်းများ ထူထောင်ရန် ရည်မှန်းချက်မရှိဟု ဖော်ပြသည်။

သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်က ကာလရှည် စစ်ရေးအရ လွှမ်းမိုးထားနိုင်သောအနေအထား ရှိနေဆဲ ဖြစ်သည်ဟု ပြည်သူအများစုက ယူဆကြသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်ပတိုက်ခိုက်ရေး တပ်ဖွဲ့များအားလုံးကို ၂၀၁၄ ခုနှစ် နှစ်ကုန်ထက်နောက်မကျဘဲ ရုပ်သိမ်းနိုင်ရန် စီစဉ်ထားသည်။ *ရိုက်တာ။*

စကြဝဠာကြီးပြန့်ကားမှု တိုင်းတာရေးကိန်းသေသစ် ဩစတြေးလျကျောင်းသား ဖော်ထုတ်

ပတ်သ် ဇူလိုင် ၂၈

စကြဝဠာကြီး မည်မျှမြန်မြန်ပြန့်ကားထွက်နေသည်ကို အတိအကျဆုံးတိုင်းတာမှုများအနက် တစ်ခုအပါအဝင်ဖြစ်သော တိုင်းတာမှုတစ်ရပ်အား ဩစတြေးလျတက္ကသိုလ်ကျောင်းသားတစ်ဦးက ဖော်ထုတ်ခဲ့ကြောင်း နက္ခတ္တဗေဒ သိပ္ပံပညာရှင်များက ဇူလိုင် ၂၆ ရက်တွင် ပြောကြားသည်။

ဖလော်ရီယန် ဘတ်တလာအမည်ရှိ အဆိုပါ ဩစတြေးလျကျောင်းသားသည် နဂါးငွေ့တန်း ကြယ်စုများရွေ့လျားမှု ဆိုင်ရာ ဟတ်ဘယ်ကိန်းသေ (Hubble Constant)ကို အသစ် ထပ်မံတိုင်းတာ၍ စကြဝဠာကြီး မည်မျှမြန်မြန်ပြန့်ကားနေသည်ကို တွက်ချက်နိုင်ခဲ့သည်။ ဟတ်ဘယ်ကိန်းသေသည် နက္ခတ္တဗေဒ သိပ္ပံပညာ၌ အခရာကျသော ကိန်းဂဏန်းတစ်ရပ်ဖြစ်ပြီး စကြဝဠာ၏ အရွယ်အစားနှင့်သက်တမ်းကို တွက်ချက်ရာတွင် ယင်းကိန်းသေအား အသုံးပြုကြောင်း ဖလိုရီယန်ဘတ်တလာက ပြောကြားသည်။

ချီလီနိုင်ငံရှိ အာကာသဟင်းလင်းပြင်လေ့လာရေး ရေဒီယိုတယ်လီစကုပ်စခန်းတစ်ခု။

စကြဝဠာကြီး ဆက်လက်ကျယ်ပြန့်နေသည်နှင့်အမျှ နဂါးငွေ့တန်းကြယ်စုများသည် နေစကြဝဠာမှ ဝေးရာသို့ ခွာထွက်လျက်ရှိသည်။

နဂါးငွေ့တန်းကြယ်စုများ နေစကြဝဠာမှအဝေးသို့ မည်မျှမြန်မြန်ခွာထွက်နေသည်ကို ဟတ်ဘယ်ကိန်းသေအား အသုံးပြုတွက်ချက်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နဂါးငွေ့တန်းကြယ်စုများမှ ထွက်ပေါ်သော အလင်းရောင်များအား လေ့လာဆန်းစစ်ခြင်းအားဖြင့် ယင်းကြယ်စုများ၏ ရွေ့လျားမှုအရှိန်နှင့် ဦးတည်ရာကို အလွယ်တကူ တိုင်းတာနိုင်သည်။ နဂါးငွေ့တန်းကြယ်စုများ ရွေ့လျားမှုဆိုင်ရာ ဟတ်ဘယ်ကိန်းသေကို အမေရိကန်နိုင်ငံသား နက္ခတ္တသိပ္ပံပညာရှင် အက်ဒွင်ဟတ်ဘယ်က စတင်ဖော်ထုတ်ခဲ့သည်။

ဖလိုရီယန်ဘတ်တလာသည် နဂါးငွေ့တန်းကြယ်စုပေါင်း ၁၂၅၀၀၀ ကျော်ကို စူးစမ်းလေ့လာရမှု ရရှိသော အချက်အလက်များအား အခြေပြုကာ ဟတ်ဘယ်ကိန်းသေသစ်ကို ဖော်ထုတ်နိုင်ခဲ့သည်။

ဒေါက်တာဘွဲ့ယူရန်အတွက် ဩစတြေးလျနိုင်ငံ ပတ်သ်မြို့နိုင်ငံတကာ ရေဒီယိုနက္ခတ္တဗေဒ သုတေသနဌာန၌ သုတေသနပြုလုပ်နေသည့် ဖလိုရီယန်ဘတ်တလာ တိုင်းတာခဲ့သော ဟတ်ဘယ်ကိန်းသေသစ်မှာ 67.0 ± 3.2 Km S -1 MPC-1 ဟူ၍ ဖြစ်သည်။ *အင်တာနက်။*

မွမ်းမံတည်ဆောက်နေသည့် လေယာဉ်တင်သင်္ဘောကို သုတေသနပြုလုပ်ရန်အတွက် တရုတ်အသုံးပြုမည်ဟုဆို

ပေကျင်း ဇူလိုင် ၂၈

ဆယ်နှစ်ကျော်ကြာမျှ အချိန်ယူ၍ ပြင်ဆင်မွမ်းမံနေသော ဗားယက်ဂ်အမည်ရှိ လေယာဉ်တင်သင်္ဘောကို သုတေသနလုပ်ငန်းများနှင့် လေ့ကျင့်မှုများပြုလုပ်ရန်အတွက်သာ အသုံးပြု သွားမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကန်ယန်ရှန်းက ဇူလိုင် ၂၇ ရက်က ပြောကြားသည်။

၁၉၉၈ ခုနှစ်အတွင်းက တရုတ်နိုင်ငံသည် ဗားယက်ဂ်လေယာဉ်တင်သင်္ဘောကို ကိုယ်ထည်ချည်းသက်သက် ယူကရိန်းနိုင်ငံထံမှ ဝယ်ယူခဲ့ပြီး နိုင်ငံတော်ပိုင် တာ့လျံဆိပ်ကမ်း၌ အသစ်ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ခဲ့သည်။

တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကန်ယန်ရှန်း၏ ပြောကြားချက်အရ တရုတ်နိုင်ငံသည် ဗားယက်ဂ်လေယာဉ်တင်သင်္ဘောကို စစ်ရေးအရ ဖြန့်ကြက်ရန် အစီအစဉ်မရှိသော်လည်း ပြည်တွင်း၌ပင် လေယာဉ်တင်သင်္ဘောများ တည်ဆောက်နိုင်ရေးအတွက် ပြင်ဆင်နေကြောင်း ဆိုနိုင်သည်။

တရုတ်နိုင်ငံသည် လေယာဉ်တင်သင်္ဘောလေးစင်းနှင့်အထက် တည်ဆောက်ရန် စီမံထားပြီး လက်ရှိအချိန်တွင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများအတွက် ရှန်ဟိုင်းသင်္ဘောကျင်း၌ ပြင်ဆင်မှုများ လုပ်ဆောင်ဆဲဖြစ်ကြောင်း ကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။

လေယာဉ်တင်သင်္ဘော တည်ဆောက်ရေးလုပ်ငန်းသည် ရှုပ်ထွေးပွေလီလှသောကြောင့် လက်ရှိအချိန်၌ မိမိတို့အနေဖြင့် ဗားယက်ဂ်လေယာဉ်တင်သင်္ဘောကို နည်းပညာဆိုင်ရာ သုတေသနပြုနိုင်ရေး၊ တည်ဆောက်မှု အတွေ့အကြုံနှင့် လေ့ကျင့်ရေး သက်သက်အတွက်သာ သုံးစွဲမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ *အင်တာနက်။*

တရုတ်နိုင်ငံတောင်ပိုင်း တာ့လျံဆိပ်ကမ်း၌ အသစ်မွမ်းမံပြင်ဆင်မှုများ လုပ်ဆောင်နေသော ဗားယက်ဂ်လေယာဉ်တင်သင်္ဘောကို တွေ့ရစဉ်။

အိန္ဒိယမဟာရာဇာကျားပစ်ထွက်ရာတွင်သုံးသော ရိုးရွိုက်ကား လေလံတင်မည်

လန်ဒန် ဇူလိုင် ၂၈

အိန္ဒိယမဟာရာဇာတစ်ဦး ကျားပစ်ထွက်ရာတွင် အသုံးပြုရန်အတွက် သေနတ်များ၊ မီးမောင်းများ တစ်ပါတည်းတပ်ဆင်ကာ အထူးတည်ဆောက်ပေးခဲ့ရသော ၁၉၂၅ ခုနှစ်ထုတ် ရိုးရွိုက်ကားတစ်စီးကို လာမည့်လတွင် အမေရိကန်ပြည်ထောင်စု၌ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

မှာယူခဲ့

ဗြိတိသျှ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ ရိုးရွိုက်က တည်ဆောက်ပေးခဲ့သော နယူးဖန်တွမ် မော်ဒယ်လ်အတန်းအစား အဆိုပါယာဉ်ကို အိန္ဒိယနိုင်ငံ ကိုတားပြည်နယ်၏ မဟာရာဇာအူမက်ဒ်ဆင်း-၂ က မှာယူခဲ့ ခြင်းဖြစ်သည်။

ကိုတာမဟာရာဇာ၏ ကျားပစ်ရိုးရွိုက်ကားကို ပထမဆုံးအကြိမ် လေလံတင်ရောင်းချခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇၅၀၀၀၀ နှင့် ၁၀၀၀၀၀၀ ကြား ရရှိမည်ဟု ခန့်မှန်းရကြောင်း လန်ဒန်အခြေစိုက် ဘွန်အမ်စ် လေလံကုမ္ပဏီ က ပြောကြားသည်။

အဆိုပါမော်တော်ယာဉ်၌ ရိုးရွိုက်ကားတစ်စီးတွင် ရှိသင့်သည့် ဇိမ်ခံအဆောင်အယောင်များ အပြည့်အစုံပါရှိပြီး မဟာရာဇာ ကျားပစ်ထွက်ပါက အသုံးပြုရန် လက်နက်များလည်း တပ်ဆင်ထားသည်။

ယင်းအပြင် ညပိုင်းအချိန်အမဲပစ်ထွက်ရာတွင် သုံးစွဲနိုင်ရန်အတွက် အင်အားကောင်းသော မီးမောင်းနှစ်ခုကိုလည်း အဆိုပါ ရိုးရွိုက်ကား၌ ထည့်သွင်းတည်ဆောက်ပေးခဲ့ရကြောင်း သိရသည်။ *အင်တာနက်။*

အပူပိုင်းမုန်တိုင်းကြောင့် တရုတ်ငါးဖမ်းရေယာဉ် ၂၆၀၀၀ကျော် ကမ်းသို့ ပြန်ခိုလှုံရ

ပေကျင်း ဇူလိုင် ၂၈

နော့ခ်တန်းအမည်ရှိ အပူပိုင်းမုန်တိုင်းကြောင့် ငါးဖမ်းရေယာဉ် အစင်း ၂၆၀၀၀ ကျော်တို့သည် တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် ဆိပ်ကမ်းများသို့ ပြန်လည်ခိုလှုံခဲ့ရကြောင်း ဇူလိုင် ၂၈ ရက် သတင်းများတွင် ဖော်ပြသည်။

နော့ခ်တန်း အပူပိုင်းမုန်တိုင်း အန္တရာယ်ကြောင့် ပင်လယ်ပြင်အတွင်း ရောက်ရှိနေသော ငါးဖမ်းရေယာဉ်များအားလုံး ကမ်းခြေသို့ ပြန်လည်ဆိုက်ကပ်ရန် ညွှန်ကြားခဲ့ကြောင်း ဟိုင်နန်ပြည်နယ်အစိုးရ၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ဟိုင်နန်ပြည်နယ်အတွင်းရှိ ရေလှောင်ကန်အားလုံး၏ လုံခြုံရေးကို အထူးကြပ်မတ်ရန်နှင့် မြေနိမ့်ပိုင်းနေ ပြည်သူများအား ဘေးလွတ်ရာ ရွှေ့ပြောင်းထားရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်များအား ညွှန်ကြားထားကြောင်း ဟိုင်နန်ပြည်နယ် အစိုးရ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်အမျိုးသား မိုးလေဝသနှင့် ဇလဗေဒဗဟိုဌာန၏ ထုတ်ပြန်ချက်အရ နော့ခ်တန်းအပူပိုင်းမုန်တိုင်းသည် တိုင်ဖုန်းမုန်တိုင်းအဖြစ် မကြာမီပြောင်းလဲ လာဖွယ်ရှိပြီး ဟိုင်နန်ပြည်နယ်နှင့် ကွမ်တုံပြည်နယ် ကမ်းရိုးတန်းဒေသများသို့ ဝင်ရောက်တိုက်ခတ်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ နော့ခ်တန်းမုန်တိုင်းကြောင့် အနည်းဆုံး ပြည်သူ ၃၁ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

နော့ခ်တန်းမုန်တိုင်းသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံ၌ တိုက်ခတ်မည့် အဋ္ဌမမြောက် အင်အားအပြင်းဆုံး မုန်တိုင်းဖြစ်ပြီး ဟိုင်နန်ပြည်နယ် ဝမ်ချန်မြို့တော် အရှေ့တောင်ဘက် ကီလိုမီတာ ၄၄၀ အကွာတွင် ဗဟိုပြု၍ တစ်နာရီလျှင် ကီလိုမီတာ ၉၀ နှုန်းဖြင့် တိုက်ခတ်နေကြောင်း ယနေ့တိုင်းထွာချက်များအရ သိရသည်။ အမ်အင်အေ၊ ရိုက်တာ။

ခဲမဖြူ သတ္တုသန့်စင်စက်ရုံ (သန်လျင်) ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့နယ်ရှိ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ခဲမဖြူ သတ္တုသန့်စင်စက်ရုံ (သန်လျင်) သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ယခုနှစ်တွင် ခဲမဖြူ သတ္တုသန့်စင် Pyro Refined Tin နှင့် Electro Refined Tin ထုတ်လုပ်မှု သတ်မှတ်ထားသည်ထက် တိုးမြှင့်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် စက်ရုံလုံခြုံရေး အလေးထားဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားခဲ့သည်။

(သတင်းစဉ်)

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သန်လျင်မြို့နယ်ရှိ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း ခဲမဖြူ သတ္တုသန့်စင်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ရသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရငွေပိုင်းတွင် ဝင်ငွေ ယခုထက် ပိုမိုတိုးတက်ရရှိရေး၊ အသုံးစရိတ်ပိုင်းတွင် လေလွင့်လစ်ဟာမှု မရှိစေဘဲ စနစ်တကျသုံးစွဲရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်စုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးဌာန၊ အဖွဲ့အစည်းများ၏ အမှန်ရရှိငွေ၊ အမှန်သုံးငွေနှင့် ပိုငွေဖြစ်ပေါ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မိုးသည်းထန်၊ မြေပြို ခြောက်ဦးသေ

ရမည်းသင်း ဇူလိုင် ၂၈

ရမည်းသင်းမြို့ အရှေ့တောင်ဘက် မိုးထိမိုးမိဒေသ(နွားလမ်း) ကျောက်စရစ်တောင်ကုန်းတွင် ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြေများပြိုကျကာ တောင်စောင်းရှိ လှိုဏ်ထဲတွင် တဲထိုးနေထိုင်သော ဇော်နိုင်ထွန်း၊ ကိုစိုးမင်းတို့၏ တဲများပေါ် မြေများပိ၍ တဲအတွင်းနေထိုင်သူ အမျိုးသားသုံးဦးနှင့် အမျိုးသမီး သုံးဦးသေဆုံးပြီး အမျိုးသားနှစ်ဦး ဒဏ်ရာများရရှိ၍ ရမည်းသင်းဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

အခင်းဖြစ်ပွားရာသို့ နွားလမ်းရဲကင်းမှ ရဲကင်းမှူး ဒုတိယရဲအုပ်ခင်မောင်သန်းနှင့်အဖွဲ့က သွားရောက် စစ်ဆေး၍ သေမှုသေခင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကူညီဆောင်ရွက်လျက်ရှိသည်။ (၁၁၅)

လမ်း၊ တံတား လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်အား ကိုရီးယားသမ္မတနိုင်ငံ ဆောက်လုပ်ရေး၊ ရေအရင်းအမြစ်မူဝါဒဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးနှင့် ရေကြောင်းရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. CHUNG Nae Sam နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** လမ်း၊ တံတား လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ အဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အဖွဲ့ရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀ သိန်းကို အလှူရှင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ (ဗိုလ်ချုပ်ကြီး စိုးဝင်း) ၏ဇနီး ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ)မိသားစုကိုယ်စား ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ပေးအပ်လှူဒါန်းပြီး အောင်စည်းဇိမ် ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ကြီး (ကျေးဇူးကြီးလှ မိနှင့်ဖအဖွဲ့) - ဒေါ်နန်းတိုးတိုးရွှေ၊ သား မောင်တင်ထွန်းအောင် မိသားစုက အလှူငွေကျပ်ငါးသိန်းနှင့် ဦးမြင့်မောင် မိသားစု(ဖူဂျီပန်းချီဆေးဆိုင်)က ငွေကျပ်တစ်သိန်းနှင့် မဂ္ဂဇင်းစာအုပ် ၈၃ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ (သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဒေါ်ခင်မျိုးမြင့်နှင့် သား ဒေါက်တာကျော်စွာအောင်၊ ဒေါက်တာဇေယျာအောင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ဆွမ်း၊ ဆေး၊ နဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် မန်းကလိပ်ကျေးရွာ မူလတန်းကျောင်းခန်းမ၌ ဇူလိုင် ၂၂ ရက်က မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးအရာရှိ ဦးအောင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာနေ ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ထုတ်ပေးစဉ်။ (၃၂၉)

သဘာဝပတ်ဝန်းကျင် ချစ်ခင်သူ အာဆီယံဒေသတွင်း လူငယ်များအား ဆုချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၈

အာဆီယံဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားနေသော အာဆီယံဒေသတွင်းမှ လူငယ်များအား ရွေးချယ်၍ အစိမ်းရောင်စေတမန်ဆု (Green Soldier Award) ကို Malaysia -China Chamber of Commerce (MCCC) နှင့် ASEAN Academy of Engineering and Technology (AAET) တို့ ပူးတွဲချီးမြှင့်မည်ဖြစ်သည်။ အဆိုပါဆုအတွက် လေထုညစ်ညမ်းမှုလျှော့ချခြင်း၊ ရေ၊ မြေနှင့် ဇီဝမျိုးကွဲများအား ထိန်းသိမ်းခြင်း၊ စွန့်ပစ်ပစ္စည်းလျှော့ချခြင်း၊ အစိမ်းရောင်စွမ်းဦးတီထွင်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများကို သတင်းကဏ္ဍမှတစ်ဆင့် အသိပညာပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်လုပ်ငန်းများအတွက် အမြတ်အစွန်းမယူသော အဖွဲ့အစည်းများတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ခြင်းဟူသော ကဏ္ဍခြောက်မျိုးတွင် ကဏ္ဍတစ်ခုသို့မဟုတ် ကဏ္ဍများတွင် သဘာဝပတ်ဝန်းကျင် ရှင်သန်တိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ပေးနေသူ အသက်(၄၀) အောက်လူပုဂ္ဂိုလ်များ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အာဆီယံနိုင်ငံတစ်နိုင်ငံဆီမှ အစိမ်းရောင် စေတမန်ဆု (Green Soldier Award) တစ်ဦးစီကို ရွေးချယ်ရန်ဖြစ်ပြီး နိုင်ငံအလိုက်ဆုရသူများအား တစ်ဦးလျှင် ဆုငွေ USD-1000 စီ ချီးမြှင့်မည်ဖြစ်သည်။

အာဆီယံဒေသတစ်ခုလုံး အတွက် နိုင်ငံအလိုက် စေတမန်များအနက်မှ ထပ်မံ၍ ချန်ပီယံအဖြစ် တစ်ဦးကို ရွေးချယ်ကာ အာဆီယံအစိမ်းရောင် စေတမန် ASEAN (Green Soldier Award) ဆုအဖြစ် ဆုငွေ USD-5000 ကို ချီးမြှင့်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ပုံစံများရယူတောင်းခံ၍ ပြည့်စုံစွာ ဖြည့်စွက်လျက် သြဂုတ် ၅ ရက်နေ့အရောက် တင်သွင်းကြရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၀၁-၅၁၉၆၇၅နှင့် ၀၉-၅၁၄၁၃၂၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင် ကြောင်းသိရသည်။ (ကြေးမုံ)

လောင်းကစားမှုပပျောက်ရေးနှင့် မူးယစ်တားဆီးကာကွယ်ရေး ပြည်မြို့၌ ဟောပြော

ပြည် ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသည့် ပြည်မြို့ အထက(၃)မှ ကျောင်းသား၊ ကျောင်းသူများအား လောင်းကစားမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်မြို့ အထက(၃)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်အေးအေးစမ်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဦးက လောင်းကစားမှုပပျောက်ရေး အသိပညာပေး သိကောင်းစရာများကိုလည်းကောင်း၊ ရဲအုပ်ဇော်ဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

(၄၉၇)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အုပ်ချုပ်ရေးမှုးရုံး၌ ဒေသခံပြည်သူများအား ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အုပ်ချုပ်ရေးမှုးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်ငွေကြေးနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူမြန်ဆန်စွာ ရရှိရေး၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြားပွဲစားများမလိုဘဲ မိမိဝန်ထမ်းများဖြင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ ဆောင်ရွက်ရေး၊ လုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေးတို့ကို ရှင်းလင်းမှာကြားပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြား လာရောက်လျှောက်ထားသည့် ဒေသခံပြည်သူများ၏ မေးမြန်းချက်များနှင့် အခက်အခဲများကို ပြန်လည်ဖြေကြား ဆွေးနွေးကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အတွင်း B.O.T လုပ်ခွင့်ရကုမ္ပဏီများ လမ်း၊ တံတား ဖြတ်သန်းကောက်ခံခွင့်ရ ကုမ္ပဏီများ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် ကချင်ပြည်နယ်အတွင်း B.O.T လုပ်ခွင့်ရ ကုမ္ပဏီများ၊ လမ်း၊ တံတား ဖြတ်သန်းကောက်ခံခွင့်ရ ကုမ္ပဏီများ တွေ့ဆုံပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဝဲပုံ)**

အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှုးကြီး ဦးစန်းဝေက လမ်း၊ တံတားပြုပြင်တည်ဆောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုမ္ပဏီများမှ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှုး ဦးအောင်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကမန်းဒူးနော်က ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ရှင်းလင်းမှာကြားခဲ့သည်။

(သတင်းစဉ်)



ကံ့ကော်သစ္စာနှင့် မြို့သစ်ရဲ့ နှုတ်ဆက်လွမ်းချင်းစာအုပ် ထွက်ရှိ

တက္ကသိုလ်ဘုန်းမောင် စီစဉ်ပြီး The Light Arts Media မှ အမျိုးသမီး စာရေးဆရာမ ၁၆ ဦး၏ ကံ့ကော်သစ္စာနှင့် မြို့သစ်ရဲ့နှုတ်ဆက်လွမ်းချင်း အမည်ရှိ ရသဝတ္ထုတိုများ စုစည်းမှုစာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်တွင် ဆရာမကြီးခင်ဆွေဦး၏ မြို့သစ်ရဲ့နှုတ်ဆက်လွမ်းချင်း၊ ဆရာမကြီး ကလျာ(ဝိဇ္ဇာ၊ သိပ္ပံ)၏ ကံ့ကော်သစ္စာ၊ မိချမ်းဝေ၏ ကောင်းကင်ကိုကုတ်ခြစ်တဲ့ပင်လယ်၊ တင်တင်ဦး၏ စိတ်၏ခြေရာ၊ ယဉ်ယဉ်နု (မန္တလေး)၏ စိတ်ဖြေရာ၊ စောသန္တာထွန်း၏ ကောင်းကင်တွင် အရုပ်မထင်သောတိမ်လွှာ၊ တက္ကသိုလ်ယဉ်ယဉ်လှ၏ စိမ်းကားသူအပြစ်မရှိပါ၊ ခင်မြဇင်၏ မုန်းခွင့်၊ ဝိုင်၏ငယ်ရိပ်၊ သင်းမြစန္ဒီ၏ ဝင်းပြက်လျှပ်ပန်း၊ ချောအိမာန် (မန္တလေး)၏ အိပ်မက်ဖျားက နိဗ္ဗာန်ဘုံ၊ စုမီအောင်၏ ဤမှန်သောချစ်ခြင်းမေတ္တာကြောင့်၊ သင်းစုစုညိမ်း၏ နေရေးခက်ခက်၊ လဲ့ဝင်းကြည်(ချို)၏ အဆိပ်သင့်လေ၊ ကြည်မွေ့အိမ်၏ ရက်လည်၊ သွေး(စစ်ကိုင်း)၏ ကြယ်တွေမစုံတဲ့ကောင်းကင် စသော ရသဝတ္ထုတိုများ ပါဝင်ကြပြီး တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် The Light Arts Media Ph-01-557565 မှ ဖြန့်ချိထားသည်။

ကျွန်တော်နှင့်သတင်း စာအုပ်ထွက်ရှိ

အထောက်တော်လှအောင် ရေးသားခဲ့သည့် ကျွန်တော်နှင့်သတင်း ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ပုဂံစာအုပ်တိုက်မှ ထုတ်ဝေလိုက်သည်။

ထိုစာအုပ်မှာ ၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း သတင်းဂျာနယ်များတွင် ဖော်ပြခဲ့သော သတင်းသမားတစ်ယောက်၏ အတွေ့အကြုံ သတင်းဆောင်းပါး ၅၈ ပုဒ်ကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။ စာအုပ်တွင် သတင်းနှင့်ကျွန်တော်၊ လျှာမှာ မြက်ပေါက်ကြ စတမ်းဆိုပါလျှင်၊ လူနပ်ချမ်းသာများ၊ တစ်နေရာရာမှာ တစ်ခုခုတော့ မှားကုန်ပြီ၊ ကိုကြီးနုသို့ အိတ်ဖွင့်ပေးစာ၊ သတင်းသမား၏ အကုသိုလ်၊ သတင်းသမား၏ သံသရာအဆုံး၊ ခေါင်းငုံ့ပြန်ရတဲ့ သတင်းခရီး စသည့် သတင်းဆောင်းပါးများ ပါဝင်သည်။ စာအုပ်ကို ပုဂံစာအုပ်တိုက် ၄(အေ)၅ ရန်ကင်းစင်တာ ဆရာစံလမ်း ရန်ကင်းမြို့နယ်က ဖြန့်ချိလိုက်သည်။

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ထိုင်းသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်ဦးဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် The 8th Asia- Pacific Business Forum and The First Asia-Pacific Trade and Investment Fair သို့ တက်ရောက်ရန်နှင့် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးသောင်းတင်ဦးတို့ ဦးဆောင်သော အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၂၅ ရက်တွင် ကျင်းပမည့် Mekong-Japan Industry and Government Dialogue သို့ တက်ရောက်ရန် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Mechanical Engineering Technical Division က ကြီးမှုး၍ တက္ကသိုလ်များ လှိုင်နယ်မြေ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ဩဂုတ် ၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဒေါက်တာအောင်လွင်မိုး [(Information Science and control Engineering) Nagaoka University of Technology, Japan]က ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် အသင်းဝင်များ၊ မျိုးဆက်သစ်အင်ဂျင်နီယာများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်သည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (ကြေးမုံ)

ဇူလိုင် ၂၉ ရက်အတွက် မိုးလေဝသခန့်မှန်းချက်

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၃၀	၂၂	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၃၃	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၂	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၈	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၈	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၃	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၄	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၅	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၆၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၁	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၆၀%

ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေအားကောင်းလာနိုင်သည်။

မြန်မာအဏ္ဏဝါ သိပ္ပံအသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာအဏ္ဏဝါသိပ္ပံအသင်း(MSAM)၏ စတုတ္ထအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် မိုးညှင်းစံဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အဏ္ဏဝါသိပ္ပံ၊ အဏ္ဏဝါဇီဝဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

လှော်ကားပင်မဓာတ်အားခွဲရုံနှင့် ဓာတ်အားပေးစက်ရုံ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ၂၃၀/၃၃/၁၁ ကေဗွီ (၂၈၀)အမ်ဗွီအေ လှော်ကားပင်မဓာတ်အားခွဲရုံသို့ သွားရောက်၍ Control Room အတွင်းရှိ Control Panel များမှ ဓာတ်အားအဝင် လက်ခံရရှိမှုနှင့် ဖီဒါများအလိုက် ဓာတ်အားဖြန့်ဖြူးထားရှိမှု၊ Switch Yard အတွင်းရှိ ထရန်စဖော်မာများ ကြံ့ခိုင်ရေးထိန်းသိမ်းထားရှိမှု၊ ဓာတ်အားလိုင်းများ အဝင်၊ အထွက် ချိတ်ဆက်သွယ်တန်းထားရှိမှုနှင့် Power Line Carrier များ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လှော်ကား ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပရုပ်ရှင် အနုပညာရပ်ဝန်း

မြန်မာကားသစ် လာထားအာဘွား(၂)ရုံတင်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာရုပ်ရှင်ချစ်ပရိသတ်များအတွက် ဇူလိုင် ၂၉ ရက်(သောကြာနေ့)တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် **လာထားအာဘွား(၂)** ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများတွင် ပြသမည်ဖြစ်သည်။ ဤဇာတ်ကားကို ကိုဇော်(အရုဏ်ဦး)က ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးခြင်းဖြစ်ပြီး နေရီမင်း၏ဝတ္ထုကို ကိုရွှေမိုးသက်က ဇာတ်ညွှန်းရေးသားထားခြင်းဖြစ်သည်။ ဇာတ်လမ်းအမျိုးအစားမှာ အချစ်ပညာပေး ဟာသဇာတ်လမ်းဖြစ်သော်လည်း အဓိကဦးတည်ချက်မှာ ဥပဒေကို လက်တစ်လုံးခြားလှည့်စား၍ သူတစ်ပါး၏ စည်းစိမ်ဥစ္စာကို အချောင်ယူလိုသူတို့အတွက် ဇာတ်သိမ်းမကောင်းပုံကို အဓိက ပညာပေးလိုခြင်းဖြစ်သည်။ နေတိုး၊ ဝေမြူကျော်၊ မေတ္တာ၊ သက်မွန်မြင့်၊ အထူးသရုပ်ဆောင် နေဆန်းနှင့် စိုးမြတ်နန္ဒာတို့ ခေါင်းဆောင်ပါဝင်ကြသည်။ ရန်ကုန်မြို့တွင် သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်း၊ TOP ROYAL နှင့် မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံများ၌ တစ်ပြိုင်တည်းပြသမည်ဖြစ်သည်။

အာဒမ်ရယ် ဧဝရယ် ဒသရယ် မြန်မာဇာတ်ကားမှာမူ ဝဇီရာ၊ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသမည်ဖြစ်ပြီး အချစ်+အချစ်အသစ် ဒီဗွီဒီ ဇာတ်ကားမှာ ရွှေဗဟို၊ မြရတနာ၊ ဝဇီရာရုံများတွင် ပြသမည်ဖြစ်သည်။

ရွှေဆောင်ရုံတွင် TRANSFORMERS: DARK OF THE MOON ဇာတ်ကားပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာ ၁၉၆၁ ခုနှစ်အတွင်း ဆိုင်ဘာထရွန် အမည်ရှိဂြိုဟ်မှ အာကာသယာဉ်ကြီးတစ်စင်း လ၏ အမှောင်ဘက်ခြမ်း၌ ပျက်ကျသွားခဲ့သည်။ ထိုယာဉ်ပျက်၏ အပိုင်းအစများကို ကမ္ဘာပေါ်မှ သိပ္ပံပညာရှင်များက ကောက်ယူသုတေသနပြုရာမှအစ ကမ္ဘာ့လူသားများနှင့် ဂြိုဟ်သားများ တိုက်ခိုက်ကြပုံကို သည်းထိတ်ရင်ဖိုဖွယ် ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ပြသမည့် HARRY POTTER AND THE DEATHLY HALLOWS: PART-2 ဇာတ်ကားမှာမူ နာမည်ကြီး ဝတ္ထုများဖြစ်သည့် ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲများမှ ဇာတ်လမ်းတွဲ တစ်တွဲဖြစ်ပြီး ပရလောကနှင့် ထူးဆန်းသည့် တန်ခိုးရှင်များအကြောင်း ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

HARRY POTTER မှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဟောလိဝုဒ် ဝင်ငွေအကောင်းဆုံးဇာတ်ကား

Captain America; The First Avenger

အမေရိကန်နိုင်ငံ၌ ဇူလိုင် ၂၂ ရက်မှစ၍ ရုံတင်ပြသခဲ့သော Captain America: The First Avenger ဇာတ်ကားက ဝင်ငွေအကောင်းဆုံး နံပါတ်တစ်နေရာတွင် ရပ်တည်နေသော ဟယ်ရီပေါ်တာဇာတ်ကားကို နံပါတ်နှစ်နေရာသို့ ပို့လိုက်ပြီး ပထမဆုံးရုံတင်ပြသခဲ့သောနေ့မှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅၀၀၀၀၀၀ ကျော်ဖြင့် နံပါတ်တစ်နေရာကို ယူလိုက်ကြောင်း သတင်းများတွင်ဖော်ပြသည်။

ဤဇာတ်ကားကို ဒါရိုက်တာ ဂျိုးဂျွန်စတန်ရိုက်ကူးပြီး ချားရစ်အီဗန်စ်၊ ဟူဂိုဝိဗင်းနှင့် ဆင်မြူရယ်လ် အယ်လ်ဂျက်ဆင်တို့က ပါဝင်သရုပ်ဆောင်ထားသည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း စစ်မှုထမ်းရန် မသင့်တော်ဟု သတ်မှတ်ခံရသူ စတိတ်ရော်ဂျာ(အီဗန်စ်)က ထိပ်တန်းလျှို့ဝှက်သုတေသန စီမံကိန်းတစ်ခုတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး စူပါသူရဲကောင်း Captain America ဖြစ်သွားပြီး ၎င်း၏ ပထမဆုံးထမ်းဆောင်ရမည့် တာဝန်မှာ ဂျွန်အန်ရှမစ်(ဝိဗင်း) ဦးဆောင်သည့် နာဇီဝါဒဖြန့်ချိရန် ကြိုးစားမှုကို တွန်းလှန်တိုက်ခိုက်ပုံများအကြောင်းကို ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။



ဤဇာတ်ကားသည် ယခုရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံတွင် ဝင်ငွေအကောင်းဆုံး နံပါတ်တစ်နေရာတွင် ရပ်တည်လျက်ရှိပြီး ဒုတိယနေရာတွင် Harry Potter and the Deathly Hallows: Part-2 ဇာတ်ကား၊ တတိယနေရာတွင် Friends with Benefits၊ စတုတ္ထနေရာတွင် Transformers: Dark of the Moon ဇာတ်ကားတို့က အသီးသီး ရပ်တည်လျက်ရှိသည်။ **အင်တာနက်။**

ရုပ်သံဇာတ်လမ်းတွဲသစ်တွင် သရုပ်ဆောင်မည့် ပါ့ခ်မင်ယောင်

ကိုရီးယားမင်းသမီး ပါ့ခ်မင်ယောင်က အောက်တိုဘာလတွင် ထုတ်လွှင့်ပြသမည့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲသစ် The Glory of Jae-in တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သူမ၏အေဂျင်စီက ဇူလိုင် ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ယင်းဇာတ်လမ်းတွဲနှင့် ပတ်သက်၍ ခေါင်းဆောင်မင်းသားအမည်ကို ထုတ်ပြန်ကြေညာခြင်း မရှိသေးသော်လည်း ဒါရိုက်တာ လီဂျန်ဆပ်နှင့် ဇာတ်ညွှန်းရေးဆရာ ကန်အွန်ကျောင်းတို့က ပူးပေါင်းစီစဉ်ရိုက်ကူးသွားမည်ဖြစ်သည်။ ၎င်းတို့နှစ်ဦး ပူးပေါင်းရိုက်ကူးခဲ့သည့် ယမန်နှစ်က ကေဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော Bread, Love and Dreams (ပေါင်မုန့်အချစ်အိပ်မက်လေးရယ်) ဇာတ်လမ်းတွဲမှာ အောင်မြင်မှုရရှိခဲ့ပြီး တောင်ကိုရီးယားနိုင်ငံ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော် ကြည့်ရှုအားပေးခဲ့သည်။

မင်းသမီး ပါ့ခ်မင်ယောင်သည် ယင်းဇာတ်လမ်းတွဲနှင့် ပတ်သက်၍ ရိုက်ကူးရေးကို စက်တင်ဘာလစောစောပိုင်းတွင် စတင်မည်ဖြစ်ပြီး သူမ ပါဝင်သရုပ်ဆောင်ထားသည့် ယခုလောလောဆယ် ထုတ်လွှင့်ပြသလျက်ရှိသော City Hunter ဇာတ်လမ်းတွဲပြီးနောက် နိုင်ငံခြားခရီးစဉ်တစ်ခု သွားမည်ဖြစ်ကြောင်းနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သူမ၏ အေဂျင်စီက ပြောကြားသည်။

ယခု လောလောဆယ် အက်စ်ဘီအက်စ် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိသော အက်ရှင်ဇာတ်လမ်းတွဲ City Hunter တွင် ကိုရီးယားမင်းသား လီမင်ဟိုနှင့် မင်းသမီး ပါ့ခ်မင်ယောင်တို့ ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်လမ်းတွဲတွင် အပိုင်း ၂၀ ပါရှိကာ ယခုရက်သတ္တပတ်တွင် ပြီးဆုံးမည်ဖြစ်သည်။

မင်းသမီး ပါ့ခ်မင်ယောင်သည် အနုပညာလောကသို့ ၂၀၀၅ ခုနှစ်မှ စတင်ဝင်ရောက်လာသူဖြစ်ပြီး ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ အများအပြားတွင် ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။

အင်တာနက်။

အောဝမ်းစိုး

မြို့နယ်တစ်ခွင် သာယာစည်ပင်

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဇွန် ၇ ရက်က ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ဈေးပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကညော့်-ကော့မုပွန် ကျေးလက်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဇွန် ၂၆ ရက်က ဈေးပတ်လည် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေဟသ်ာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ဇွန် ၂၉ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။(မြို့နယ်စည်ပင်)

နတ်တလင်းမြို့သာယာလှပရေးအတွက် ရန်ကုန်-ပြည်လမ်းဘေး ရိုးရိုးလေးပန်းခြံအနီး မြေယာရှုခင်းအလှဆင်ခြင်း ဆောင်ရွက်နေမှုအား ဇွန် ၂၅ ရက် တွင် နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အမှတ်စဉ်(၂/၂၀၁၁)ဖွင့်ပွဲ၌ အမှာစကားပြောကြား

အမှာစကားပြောကြား

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အမှတ်စဉ်(၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပုဂံဟိုတယ်ဇုန်)၏ ဦးဆောင်မှုဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အမှတ်စဉ်(၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီတွင် ပုဂံဟိုတယ်ဇုန်ရှိ Aye Yar River View Resort ဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ဝန်ကြီးဌာန၏ ရည်မှန်းချက်များတွင် "ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေးနှင့် အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် လုပ်ငန်းဆိုင်ရာအတတ်ပညာများ စနစ်တကျ တိုးတက်ပြန့်ပွားလာစေရေးအတွက် ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကျင်းပခြင်း၊ ပြပွဲများနှင့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း"ဆိုသည့် အချက်ပါဝင်ကြောင်း၊ ဤရည်မှန်းချက်နှင့်အညီ ယခုကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ စနစ်တကျ ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတစ်ခု၏ အရည်အသွေးသည် လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်၊ ယဉ်ကျေးမှုအမွေအနှစ် အရင်းအမြစ်တို့အပေါ်တွင် တည်မှီနေကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာခြင်းမှတစ်ဆင့် ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများပါ စည်းကမ်းနှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ပုဂံဒေသသည် မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်ဖြစ်သည့် လက်မှုအနုပညာ ပြယုဂ်များဖြစ်သော ယွန်းထည်လုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်း၊ ရုပ်သေးလုပ်ငန်း လက်မှုပညာများ တည်ရှိရာနေရာတစ်ခုဖြစ်ကြောင်း၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာမည်ဖြစ်၍ အရည်အချင်းပြည့်မီသော ဟိုတယ်ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဟိုတယ် ၇၅ လုံး၊ အခန်းပေါင်း ၁၉၀၀ ခန့်ရှိသည့် ပုဂံဟိုတယ်ဇုန်၌ ယခုကဲ့သို့ သင်တန်းများ လာရောက်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပေးသော သင်ခန်းစာများကို ကြိုးစားသင်ယူကြရန်၊ ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ဝန်ဆောင်မှုအသစ်များအား ဖန်တီးနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာရပ်နှင့် IT ပညာရပ်များကိုလည်း လက်လှမ်းမီအောင် ဖြည့်စွက်ကြိုးစားလေ့လာကြရန်၊ နိုင်ငံတော်၏လိုအပ်ချက်များကို မိမိတို့တတ်နိုင်သည့်ဘက်က အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)ဥက္ကဋ္ဌ ဦးသန်းရွှေ၊ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ MTB ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသော နေရာများဖြစ်သည့် Aye Yar River View Resort ဟိုတယ်နှင့် Amazing Golf Resort ဟိုတယ်များသို့ သွားရောက်၍ သင်တန်းဖွင့်လှစ်သင်ကြားပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၉၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒေသအာဏာပိုင်အဖွဲ့၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ အဆိုပါဝန်ဆောင်မှုသင်တန်းများကို အခြားခရီးစဉ်ဒေသများ (မန္တလေး၊ တောင်ကြီး၊ အင်းလေးဇုန်)တွင် ဆက်လက်ဖွင့်လှစ်ရေး၊ ပုဂံခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများဖြစ်သည့် Entry Point , Transport၊ ဟိုတယ်အဆင့်အတန်းမြင့်မားရေး Rest Area များ၊ ခရီးစဉ်နေရာ၊ အမျိုးအစားသစ်များဖော်ထုတ်ရေး (Interest Point)စသည့် Four Points နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် GSM တာဝါတိုင် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် GSM တာဝါတိုင် စတင်တည်ဆောက်ခြင်း ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီတွင် အေးသာယာစက်မှုဇုန် အော်တိုအိတ်ချိန်းအဆောက်အအုံဝင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် GSM တာဝါတိုင် စတင်တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိုးသိန်းက ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက GSM မိုဘိုင်းစနစ် လိုင်းသန်း ၃၀ တိုးချဲ့တပ်ဆင်ရေးငါးနှစ်စီမံကိန်းမှ ပထမနှစ် လိုင်းလေးသန်း တိုးချဲ့ခြင်းစီမံကိန်းအရ စီမံကိန်းပထမအဆင့်အဖြစ် ပြည်နယ်အတွင်း မြို့နယ်ပေါင်း ၄၇ မြို့နယ်၌ ရေဒီယိုစခန်းပေါင်း ၈၁ခု အသစ်တည်ဆောက်တပ်ဆင်ပြီး GSM မိုဘိုင်းတယ်လီဖုန်းလိုင်းအင်အား ၂၃၀၀၀၀ ခန့် တိုးချဲ့တပ်ဆင်သွားမည် ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တစ်ခုလုံး အနေဖြင့် တယ်လီဖုန်းသိပ်သည်းဆ ၂ ဒသမ ၄၃ ရာခိုင်နှုန်းခန့်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် Elite Tech Group မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းခင်မောင်အေးက လုပ်ငန်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် Elite Tech Group မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းခင်မောင်အေးတို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အော်တိုအိတ်ချိန်းစက်ရုံအတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အထက(၃) ကမာရွတ်မှ မောင်ဇေယျာထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့ ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အသေးစားချေးငွေလုပ်ငန်းများ စတင်ဆောင်ရွက်

တောင်ကြီး ဇူလိုင် ၂၈

သမဝါယမဝန်ကြီးဌာနမှ အသေးစားချေးငွေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ သမဝါယမလယ်ယာထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အတွင်း၌လည်း အသေးစားချေးငွေလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ခြသေ့်လမ်းနှင့် ဝန်ကြီးလမ်းထောင့် အမှတ်(၂၄)၌ မတ် ၂၃ ရက်တွင် ဗဟိုသမဝါယမအသင်းလီမိတက်၏ အသေးစားချေးငွေလုပ်ငန်းအဖွဲ့ အမှတ်(၁၅၉)ကို တည်ထောင်ပြီး ရပ်ကွက်ပေါင်း ၁၇ ခု၊ အဖွဲ့ဝင်ပေါင်း ၄၀၀ ကျော်ဖြင့် ယနေ့ထိ မတည်ရင်းနှီးငွေကျပ် ၄၃၆ ဒသမ ၁သိန်းဖြင့် လုပ်ငန်းအောက်ခြေ အသေးစားစီးပွားရေးလုပ်ငန်းငယ် ၁၄ ခုအား ငွေကြေးများ ထုတ်ချေးပေးခဲ့သည်။

ထို့အပြင် ရှမ်းပြည်နယ်အတွင်းရှိ ရပ်စောက်မြို့နယ်တွင် အဖွဲ့အမှတ် (၁၄၄) အား တည်ထောင်နိုင်ခဲ့ပြီး မတည်ရင်းနှီးငွေကျပ် ၃၀ ဒသမ ၁၈ သိန်း၊ အဖွဲ့ဝင်ဦးရေ ၃၆၀ ဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူ ၃၀၅ ဦးအား ချေးငွေများ ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ ဟိုပုံးမြို့နယ်၊ နမ့်ဆန်(တောင်) မြို့နယ်၊ လွိုင်လင်မြို့နယ်များ၌ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ အသေးစားချေးငွေများအား အပေါင်ပစ္စည်း မလိုအပ်ဘဲ သုံးသောင်း၊ လေးသောင်းငါးထောင်၊ ခြောက်သောင်း၊ ခုနစ်သောင်းငါးထောင်၊ ကိုးသောင်းကျပ် စသည်ဖြင့် သတ်မှတ်ထားပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အသေးစားငွေချေးဝန်ဆောင်မှုလုပ်ငန်းအား ဗဟိုသမဝါယမအသင်းလီမိတက်၏ ကြီးကြပ်မှု၊ ရှမ်းပြည်နယ်(တောင်ပိုင်း၊ အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်၏ အနီးကပ် ကွပ်ကဲမှုဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၇-၂၀၁၁ (သောကြာနေ့)
[၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ရက်၊ (အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၅	၈။ အတီးပြိုင်ပွဲ
၈း၄၀	၉။ International News
၈း၄၅	၁၀။ တေးဂီတအစီအစဉ်
၉း၀၀	၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် မွေ့စကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၁)မှော်ဘီ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၄၀	၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄း၄၅	၅။ နှောင်းခေတ်တေးပဒေသာ
၄း၅၅	၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၅း၁၀	၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၈။ မြန်မာစာ၊ မြန်မာစကား
၅း၃၀	၉။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၁၀	၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြဲကြဲဖန်ဖန်အမွေဆိုင်" (အပိုင်း-၁၄)**
၈း၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံတကာသတင်းများ
	၁၆။ မိုးလေဝသအခြေအနေ
	၁၇။ လျှပ်တစ်ပြက်ဟာသများ
	၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၁၈)**
	၁၉။ အစီအစဉ်ပြီး၏။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

နွားထိုးကြီးမြို့၌ နှစ်လုံးထီလောင်းကစားနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နွားထိုးကြီး ဇူလိုင် ၂၈

ဇူလိုင် ၁၉ ရက် ညနေပိုင်းတွင် နွားထိုးကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်ပူးပေါင်းအဖွဲ့တို့သည် သတင်းအရ နွားထိုးကြီး အမှတ်(၅)ရပ်ကွက်မှ နေအိမ်သုံးလုံးကို ရှာဖွေကြရာ ထွန်းတောက်(ခ)ဖိုးသား (၃၂) နှစ် နေအိမ်မှ နှစ်လုံးထီပြက္ခဒိန်စာရွက်နှစ်ရွက်၊ ကြိုးဖုန်းအပါအဝင် ဆက်စပ်ပစ္စည်းကိုးမျိုးကို သိမ်းဆည်းရမိပြီး နွားထိုးကြီးရဲစခန်းမှ ဒုတိယရဲအုပ်သန်းဇော်ဦးက တရားလိုပြုလုပ်၍ ပ ၆၀/၂၀၁၁ ပုဒ်မ ၁၅(က)၊ ၁၆(က)ဖြင့် ဖမ်းဆီးအရေးယူထားသည်။ (ဉာဏ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဘဏ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ပိုမိုအရေးပါလာ သမဝါယမဘဏ်ခွဲများမှ စေတနာကောင်းဖြင့် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ (၇၃)လမ်း (မင်္ဂလာလမ်း)၊ (၂၆×၂၇)လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်၏ GEC ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဆေးရုံတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်အေးမူက အထွေထွေရောဂါများ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအဆစ်ရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ ကလေးရောဂါ၊ သွားနှင့် ခံတွင်းရောဂါတို့ ကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ ရောဂါရှာဖွေခြင်း ဆောင်ရွက်မှုများအပြင် ငွေကြေးအမြတ်အစွန်းကို အဓိကမထားဘဲ အိမ်တိုင်ရာရောက် ကုသပေးမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် GEC ဆေးရုံရှိ ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ Ultra Sound၊ X-Ray၊ ECG ဓာတ်ခွဲခန်းများနှင့် လူနာခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံရှိ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မန္တလေး GEC ဆေးရုံတွင် အသင်းဝင် ဝန်ထမ်းများအား ဆေးကုသမှုစရိတ်၏ ၂၀ ရာခိုင်နှုန်းကို ပံ့ပိုးကူညီနိုင်သည်သာမက အများပြည်သူများကိုပါ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်သည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ အငြိမ်းစားဝန်ထမ်းများကိုလည်း အလားတူစောင့်ရှောက်ပေးစေလိုကြောင်း၊ သမဝါယမကဏ္ဍတွင် ယခုကဲ့သို့ အသင်းများ ရေရှည်တည်တံ့ခိုင်မြဲ၍ တိုးတက်မှုရှိရေး၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရေးအတွက်"Youth, the Future of Co-operative Enterprise" ဟု ဆိုသည့်အတိုင်း လုပ်ငန်းများ တိုးချဲ့လျက် လူငယ်များ ပိုမိုပါဝင်လာရေး စည်းရုံးဆောင်ရွက်ကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် မန္တလေး GEC ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ ကို မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်ကလည်းကောင်း၊ Oxygen စက်နှစ်လုံးကို ဗဟိုသမဝါယမအသင်း လီမိတက်နှင့် သမဝါယမဘဏ် လီမိတက်တို့ကလည်းကောင်း လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် (၈၂)လမ်း၊ (၂၁×၂၂)လမ်းကြားရှိ မိုးကုတ်မြို့နယ်သမဝါယမအသင်းစု၏ ပတ္တမြားငမောက်ဟိုတယ်ကို ကြည့်ရှုစစ်ဆေးပြီး အသင်းဝင်များနှင့် တွေ့ဆုံကြသည်။

ယင်းနောက် (၂၆)လမ်း၊ (၈၄×၈၅)လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ Shopping Centre ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်မျက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထို့နောက် သမဝါယမဘဏ် လီမိတက်(ဘဏ်ခွဲ-၂)သို့ သွားရောက်၍ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲပေးပို့မှုကို E-Banking စနစ်ဖြင့် ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသဖြင့် ဘဏ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းသည်လည်း ပိုမိုအရေးပါလာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဘဏ်ဝန်ထမ်းများအနေဖြင့် ပြည်သူများအား သမဝါယမဘဏ်ခွဲများမှ အထောက်အပံ့ပြုနိုင်ရေး စိတ်ရင်းစေတနာကောင်းမွန်စွာဖြင့် ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ (သတင်းစဉ်)



✤ **ကျောဖုံးမှ**

ဝါကာယာမာပြည်နယ် အကြား ပင်လယ်ကြမ်းပြင် တစ်နေရာတွင် အနည်ကျအလွှာများမှ သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်ရန် လက်တွေ့စမ်းသပ်မှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

ပင်လယ်ကြမ်းပြင်မှ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး စီမံကိန်းအတွက် သုတေသနလုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်နိုင်ရန် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက ရန်ပုံငွေ ယန်း ၁၀ ဘီလီယံ (ဒေါ်လာ ၁၂၇ ဒသမ ၅ သန်း)ရရှိရန် အစိုးရအဖွဲ့ထံ တင်ပြမည်ဖြစ်သည်။

ပင်လယ်ကြမ်းပြင်မှ သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပြီး လာမည့်ဆယ်စုနှစ် အစောပိုင်းမှစ၍ ယင်းနည်းပညာဖြင့် သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ်ထုတ်လုပ်သွားရန် မျှော်မှန်းထားသည်။

ပင်လယ်ကြမ်းပြင်ရှိ အနည်ကျအလွှာများအတွင်း မီသိန်းဟိုက်ဒရိတ်ပါဝင်ပြီး နည်းပညာကို အောင်မြင်စွာ ဖော်ထုတ်နိုင်မည်ဆိုပါက ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပင်လယ်ကြမ်းပြင် အနည်ကျအလွှာများမှ သဘာဝဓာတ်ငွေ့ ထုတ်လုပ်သော ပထမဆုံးနိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

မီသိန်းဟိုက်ဒရိတ်ကို ပင်လယ်ကြမ်းပြင်လွှာများကဲ့သို့ ဖိအားမြင့်မားပြီး အပူချိန်နည်းပါးသော နေရာများ၌ တွေ့နိုင်ကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ကုန်းမြေတိုက်များဆိုင်ရာ ပြတ်ရွေ့ကြောင်းများအနီး၌ တွေ့နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်တာနက်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်နေ ဖခင်ကြီး ဦးထွန်းကြည် (ခရိုင်ရဲဝန်-ငြိမ်း)-မိခင်ကြီး ဒေါ်ထိပ်တင်မလတ်(ခ) ဒေါ်ဟယ်လင်မြင့်ကွန်းတို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးမြစ်တစ်စုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်နှင့် ရေလှော်ကန်တို့အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာရှာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "တရားဦးဓမ္မစကြာ"တရားတော် (ဆရာတော်အရှင်ပညာ သီဟာဘိဝံသ)(အပိုင်း-၂)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၁)**
- ၈း၄၅ အလှူမှာထူးကဲ ထီးဆောင်းရွာမှ သွေးလှူပွဲ
- ၉း၀၀ မိုးကုတ်မြို့ကျပ်ပြင်(အထက) မှ အာစရိယသို့ဝန္ဒာမိလွှာ
- ၉း၁၅ Activities In The City
- ၉း၃၅ ဆိုးဆေးသုံးအစားအစာများ (ဒေါက်တာဝင်းသိန်း)
- ၁၀း၀၀ ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
- ၁၂း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၉)**
- ၁း၀၀ "တရားဦးဓမ္မစကြာ"တရားတော် (ဆရာတော်အရှင်ပညာ သီဟာဘိဝံသ)(အပိုင်း-၂)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၁)**
- ၃း၀၀ ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၀)**
- ၇း၃၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၂)**
- ၉း၃၀ MRTV-4 7th Anniversary Live Show (ခိုင်ထူး၊ ဆောင်းဦးလှိုင်၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ မိုးမိုး၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း)
- ၁၂း၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
- ၁၂း၄၅ World of Knowledge
- ၁း၃၅ ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
- ၁း၄၅ ပိတုန်းရောင် ကေသာဦးအတွက်. . .
- ၂း၀၀ FIFA U-20 WORLD CUP COLOMBIA 2011 (England Vs North Korea)
- ၄း၀၀ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
- ၄း၁၅ ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့ (ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
- ၄း၂၀ သာယာစိုပြည် ကြံခင်းမြေ
- ၄း၃၀ ကပ်လှူပူဇော်ကုသိုလ်ယူမယ် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်ဝယ်
- ၄း၄၀ ဗုဒ္ဓဂယာ မဖွံ့မဒေသဆီသို့
- ၅း၀၀ အစီအစဉ်ပြီး။

ပညာဂုဏ်ရောင် အလင်းဆောင်

ညောင်ရွှေမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့်

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် နောင်တောကျေးရွာအုပ်စု မဖွံ့မလွယ်ခေါ်ရွာ နေလရောင်ခြည်စာကြည့်တိုက်၊ ဘုရားဖြူကျေးရွာ လကမ္ဘာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ဝက်သားကင်ကျေးရွာ ဆန်းမေတ္တာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အဆိုပါ စာကြည့်တိုက်များ၌ ကျင်းပရာ အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းတို့က စာကြည့်တိုက်အဆောက်အအုံများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားများတွင် အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး၊ တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများက စာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံနှင့် ငွေပဒေသာပင်တို့ကို ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ စာကြည့်တိုက်ကော်မတီဝင်များကလက်ခံကြသည်။

အဆိုပါ စာကြည့်တိုက်များကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူလူထု၏ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၅ သိန်းကျော် အကုန်ကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဂျိုဝါတလွန်ကျေးရွာအုပ်စု ဂျိုဝါတလွန်ကျေးရွာ၌ မိတ်ဆွေမွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာကြည့်တိုက်သုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

ဇလွန် သ/မ အသင်း စိုက်ပျိုးစရိတ် ထုတ်ချေး

ဇလွန် ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်းရှိ နေထက်လင်း လယ်ယာကုန်ထုတ်သမဝါယမအသင်းနှင့် မင်္ဂလာမြတ်မွန် လယ်ယာကုန်ထုတ်သမဝါယမ အသင်းတို့အား သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏လမ်းညွှန်မှုဖြင့် ဇလွန်မြို့နယ် သမဝါယမဦးစီးဌာနက တစ်ဧကလျှင် စိုက်ပျိုးစရိတ် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဇူလိုင် ၈ ရက်တွင် ထုတ်ချေးသည်။ **(အပေါ်ပုံ)**

ဇလွန်မြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမြင့်နှင့် ဝန်ထမ်းများက အဆိုပါ လယ်ယာကုန်ထုတ်သမဝါယမ အသင်းမှ အသင်းသား ၁၂၂ ဦး၏ စိုက်ဧက ၈၀၁ ဒသမ ၅ ဧကအတွက် မိုးစပါးစိုက်ဧက တစ်ဧကအတွက် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၄၀၀ ဒသမ ၇၅ သိန်း ထုတ်ချေးခဲ့သည်။ (၁၀၅)

မြို့နယ်စည်ပင်သာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အဖွဲ့ပိုင်ယာဉ်၊ မြေတူးစက်တို့ဖြင့် မြို့ရေစီးရေလာကောင်းမွန်ရေးနှင့် ကျန်းမာသန့်ရှင်းရေး အတွက် အမှတ်(၁)ရပ်ကွက် ပင်မရေထုတ်မြောင်းအား တူးဖော်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး ပညာပေးဟောပြော

သိန်းနီ ဇူလိုင် ၂၈

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ် ပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာတွင် ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက အထက(ခွဲ)ခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယဉ်မောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ကေသီထွေးက မူးယစ်ဆေးဝါး သုံးစွဲမှုနှင့်စပ်လျဉ်းသည့် ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာများကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေလတ်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဆေးဝါးများနှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောခဲ့သည်။ (၆၅၇)

တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ပုသိမ်မြို့ ပုသိမ်တက္ကသိုလ် အားကစားခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြ သည်။

အစီအစဉ်အရ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး**(ယာပုံ)** ပုသိမ်တက္ကသိုလ်အသင်းနှင့် မအူပင်တက္ကသိုလ်အသင်းတို့၏ ဘော်လီဘောယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အောက်မြန်မာပြည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

၂၀၁၀-၂၀၁၁ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ် ရေကူးကန်၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက သမိုင်းအစဉ်အလာ ရှိခဲ့သည့် မြန်မာ့ရေကူးအားကစား အောင်မြင်မှုများ ပြန်လည်ရရှိစေရေး အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရေကူးလက်ရွေးစင်ဟောင်း မိုးသူအောင်က အလွတ်ကူးနည်း၊ ရင်ပေါင်တန်းကူးနည်း၊ပက်လက်ကူးနည်းနှင့် လိပ်ပြာကူးနည်း လေးမျိုးတို့ကို ကူးခတ်သရုပ်ပြသပြီး ပြိုင်ပွဲကို ကျင်းပရာ တက္ကသိုလ်များမှ အသင်းပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ရှိ Chatrium Hotel Banquet Hall ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ ညီညွတ်ရေးအစီအစဉ်အရ ဖွင့်လှစ်သည့် အားကစားဆေးဘက်ဆိုင်ရာ သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးချင်းထံ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၁)နေပြည်တော်အားကစားကွင်း အုပ်စု(စ)
ကျန်းမာရေးဝန်ကြီးဌာန ခြောက်ဂိုး
(ဝင်းနိုင်စိုး-လေးဂိုး၊ နန္ဒထွန်း၊ ငြိမ်းချမ်းစိုး)
လဝကဝန်ကြီးဌာန နှစ်ဂိုး
(အေးမင်းဝင်း)
(ဒိုင်လူကြီး) ဦးသောင်းရွှေမိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ယနေ့အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ကျင်းပသော ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်သို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လာရောက် ကြည့်ရှုအားပေးကြသည်။

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(ဆ)
ကာကွယ်ရေးဝန်ကြီးဌာန နှစ်ဂိုး
(သီဟတင်စိုး)
အမှတ်(၁)လျှပ်စစ်ဝန်ကြီးဌာန ဂိုးမရှိ
(ဒိုင်လူကြီး)ဦးအောင်မျိုးသန့်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ဆ)
လူမှုဝန်ထမ်းဝန်ကြီးဌာန ၁၂ ဂိုး
(ဖြိုးပိုင်ဦး-လေးဂိုး၊ ကျော်ဇေယျ-သုံးဂိုး၊ စငြိမ်းကျော်ကျော် - နှစ်ဂိုး၊ တေဇာဟန်၊ ဝေလင်းနိုင်၊ နိုင်လင်းအောင်)
နိုင်ငံခြားရေးဝန်ကြီးဌာန ဂိုးမရှိ
(ဒိုင်လူကြီး) ဦးကျော်လွင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၉-၇-၂၀၁၁ ရက်နေ့ပွဲစဉ်များ

အမှတ်(၁) နေပြည်တော်အားကစားကွင်း အုပ်စု(ဇ)
ဆက်သွယ်ရေးနှင့် ပြန်ကြားရေး
နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ဇ)
ယဉ်ကျေးမှုနှင့် သစ်တော

(၁၀၇)

ပဲခူးတိုင်းဒေသကြီး အခြေခံမြားပစ်သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနှင့် ပဲခူးတက္ကသိုလ်တို့က ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၁ ခုနှစ် အခြေခံမြားပစ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအုန်းမြင့်ဦး၊ ပဲခူးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင် ပဲခူးတိုင်းဒေသကြီး ၂၀၁၁ ခုနှစ် အခြေခံမြားပစ်သင်တန်းတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဂျူဒိုအဖွဲ့သည် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီခွဲက လေကြောင်းခရီးဖြင့် မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ချာရစ်တိုဖာဆမ်ဘာ အာဆင်နယ်သို့ ပြောင်းရွှေ့လို

လန်ဒန် ဇူလိုင် ၂၈

ဘလက်ဘန်း နောက်ခံကစားသမား ချာရစ်တိုဖာဆမ်ဘာက မိမိအနေဖြင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၇)နှစ်ရှိ ဆမ်ဘာသည် ဘလက်ဘန်းအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် ရရှိနေသော်လည်း ဥရောပပြိုင်ပွဲများတွင် ပါဝင်ကစားလို၍ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လိုခြင်းဖြစ်သည်။ အာဆင်နယ် အသင်းအနေဖြင့်လည်း နောက်တန်းအားနည်းချက်ကို ပြုပြင်နိုင်ရန်အတွက် အဆိုပါ ကစားသမားကို စောင့်ကြည့်လျက်ရှိနေသည်။

ESPN

ချယ်လ်ဆီးအသင်း လူကာကူကို ရရှိရေး တိုးမြှင့်ကမ်းလှမ်း

လန်ဒန် ဇူလိုင် ၂၈

ချယ်လ်ဆီးအသင်းသည် တိုက်စစ်ပိုင်းတွင် ဒရော့ဘာ၊ ဖာနန်ဒိုတောရက်စ်၊ အနယ်လ်ကာ၊ ကာလူးနှင့် စတာရက်ချ်တို့ ရှိနေသော်လည်း အသက် (၁၈)နှစ်သာရှိသေးသည့် အန်ဒါလက်ချ်အသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူကို စတမ်းဖို့ဒ်ဘရက်ချ်သို့ အရောက်ခေါ်ယူနိုင်ရေးကြိုးပမ်းလျက်ရှိသည်။

ချယ်လ်ဆီးအနေဖြင့် ထိုသို့ ကြိုးပမ်းလျက်ရှိရာတွင် ပထမအကြိမ် ပေါင် ၁၈ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း အန်ဒါလက်ချ်အသင်း၏ ပယ်ချခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် ယခုအချိန်တွင် ချယ်လ်ဆီးအသင်းသည် အဆိုပါ ကစားသမားကို ပေါင် သန်း ၂၀ ဖြင့် ထပ်မံကမ်းလှမ်းလာခြင်းဖြစ်သည်။ လူကာကူကို ချယ်လ်ဆီးအပြင် အာဆင်နယ်နှင့် စပါးအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိရာ ထိုဘယ်လ်ဂျီယံသားလေးသည် မည်သည့်အသင်းကို ရွေးချယ်သွားမည်ဆိုသည်ကိုဖြင့် စောင့်ကြည့်ကြရဦးမည်ဖြစ်သည်။

ESPN

ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေသည့် အန်ဒါလက်ချ် တိုက်စစ်မှူး လူကာကူ။

ဟန်သစ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သတင်းအညွှန်း

တောင်ကြီးအေးသာယာစက်မှုဇုန်၌ GSM တာဝါတိုင် ပန္နက်တင်
(သတင်း)စာမျက်နှာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ အသေးစား ချေးငွေလုပ်ငန်းများ စတင်
(သတင်း)စာမျက်နှာ ၁

စကြဝဠာကြီးပြန့်ကားမှု တိုင်းတာရေး ကိရိယာသစ် ဖော်ထုတ်
(သတင်း)စာမျက်နှာ ၆

ဟောလိဝုဒ် ဝင်ငွေ အကောင်းဆုံး ဇာတ်ကား
(သတင်း)စာမျက်နှာ ၇

လူကာကူကို ရရှိရေး ချယ်လ်ဆီးအသင်း တိုးမြှင့်ကမ်းလှမ်း
(သတင်း) စာမျက်နှာ ၁၀

ဆိုလာစနစ်သုံး မီးတိုင်များ တပ်ဆင်မည်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း အမှိုက်စွန့်ရာနေရာအပါအဝင် ဆင်ခြေဖုံးရပ်ကွက်များရှိ အမှိုက်ကန်များ၌ ဆိုလာစနစ်သုံး မီးတိုင်များကို စိုက်ထူတပ်ဆင်သွားရန် စီစဉ်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ သိရသည်။

အဆိုပါဌာနက မီးတိုင်များ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကာ ဆိုလာပြားများကို တပ်ဆင်သွားမည်ဖြစ်ပြီး အရေးတကြီးလိုအပ်နေသော နေရာများကို ဦးစားပေး တပ်ဆင်သွားရန်ရှိကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်ပေးရခြင်းမှာ အချို့သော အမှိုက်စွန့်ပစ်ရာနေရာများနှင့် အမှိုက်ကန်များမှာ ညအချိန်တွင် မှောင်မိုက်နေခြင်းကြောင့် သန့်ရှင်းရေးဝန်ထမ်းများ၏ လုပ်ငန်းဆောင်တာများ တွင်ကျယ်မှုရရှိစေကာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှုရှိစေပြီး အမှိုက်စွန့်ပစ်သူ ပြည်သူများမှာလည်း ဘေးအန္တရာယ်ကင်း၍ လုံခြုံစိတ်ချမှုရှိစွာ စွန့်ပစ်လုပ်ဆောင်နိုင်ရန် ဆိုလာစနစ်သုံး မီးတိုင်များကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ထက်ခိုင်(စမ်းချောင်း)

သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့်ပျိုးထောင်နည်း မြို့သစ်မြို့နယ်တွင် သရုပ်ပြရှင်းလင်း

မြို့သစ် ဇူလိုင် ၂၈

မြို့သစ်မြို့နယ်တွင် မိုးစပါးတစ်ဧက တင်း ၁၀၀ ကျော်ထွက်ရန် သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့်ပျိုးထောင်ခြင်း သရုပ်ပြပွဲကို မြို့သစ်မြို့ လယ်ပြင်ရပ် ကွင်းအမှတ် (၁၃၀၀) တောင်သူ ဦးသောင်းရင်၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲသို့ မကွေးခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးဦးသာ၊ ခရိုင်မြေစာရင်း ဦးစီးဌာနမှ ဦးသိန်းလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ မြို့နယ် စိုက်/ကြပ်အဖွဲ့ဝင်များ၊ အုပ်စုတာဝန်ခံများ၊ ပုလင်းရွာ၊ ပုဂံမျော်၊ တပ်ကုန်း၊ ဆည်ရွာတို့မှ တောင်သူ ၁၀၀ ကျော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၁၁၀ တို့ တက်ရောက်ကြသည်။

သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင် ဦးဌေးအောင်က သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့်ပျိုးထောင်ခြင်းကို လက်တွေ့သရုပ်ပြ၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးဦးသာက ဖြည့်စွက်ရှင်းလင်းမှာကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

စွမ်းအင်သိပ္ပံအင်တာနက်သတင်း *ဘာသာပြန်-ရောမောင်*

ပင်လယ်ကြမ်းပြင် အနည်ကျအလွှာများအတွင်း တွေ့ရသော မီသိန်းဟိုက်ဒရိတ်အစုအဖွဲ့တစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပင်လယ်ကြမ်းပြင် အနည်ကျအလွှာများမှ သဘာဝဓာတ်ငွေ့ထုတ်ယူရန် နည်းပညာဖော်ထုတ်

တိုကျို ဇူလိုင် ၂၈

ပင်လယ်ကြမ်းပြင်ရှိ အနည်ကျအလွှာများမှ သဘာဝဓာတ်ငွေ့ ထုတ်ယူနိုင်မည့် နည်းပညာတစ်ရပ်ကို ဂျပန်သိပ္ပံပညာရှင်များ သုတေသနပြုလုပ်လျက် ရှိကြောင်း ဂျပန်နိုင်ငံ၌ ထုတ်ဝေသော နီကေးသတင်းစာက ဇူလိုင် ၂၅ ရက်တွင် ရေးသားဖော်ပြသည်။

ပင်လယ်ကြမ်းပြင်ရှိ အနည်ကျအလွှာများမှ သဘာဝဓာတ်ငွေ့ ထုတ်ယူသော နည်းပညာကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းခြင်းသည် ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် ဖြစ်သည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ရှီကျူအိုကာပြည်နယ်နှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့✤